# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁-၁၀-၂၀၂၁) ရက်နေ့ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော COVID-19 ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ် ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး COVID-19 ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

COVID-19 သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွား အလာကန့်သတ်ထားရှိသူများအား COVID-19 ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၃၀-၉-၂၀၂၁) ရက်နေ့ ည (၈:၀၀) နာရီမှ (၁-၁၀-၂၀၂၁) ရက်နေ့ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၃,၅၈၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၁,၈၄၆)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် **ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၇.၈) ရာခိုင်နှုန်း** ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၄,၃၄၁,၄၃၆)ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၆၅,၉၂၂) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၅၁၃) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၁၉,၈၄၂)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၅၄) ဦး ရှိသဖြင့် ယနေ့ အထိ သေဆုံးသူစုစုပေါင်း (၁၇,၇၈၉) ဦး ရှိပါသည်။

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၁-၁၀-၂၀၂၁) ရက်နေ့ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၄၅၉)ခု | (၁၅၀)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၂၆)ခု | (၃)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၀၉)ခု | (၃၉)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၂၁)ခု | (၅၁)ဦး |
| လားရှိုးမြို့၊ အမှတ်(၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၁၀) ခု | (၁၂) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၂၁၇)ခု | (၃)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၃၁)ခု | (၉၆)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၀,၁၁၂)ခု | (၁,၄၉၂)ဦး |
| **စုစုပေါင်း** | **(၂၃,၅၈၅)ခု** | **(၁,၈၄၆)ဦး** |

- ရောဂါဖြစ်ပွားမှု တတိယလှိုင်း၌ ရောဂါပိုးတွေ့ရှိမှုနှုန်း အမြင့်ဆုံးအဖြစ်တွေ့ရှိခဲ့ရသည့် (၂၀၂၁) ခုနှစ်၊ ဇူလိုင်လ (၂၃)ရက်နေ့တွင် ပိုးတွေ့ရှိမှုနှုန်း (၄၀.၈၂) ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်လျှင် ယခုအခါနေ့စဉ် ပိုးတွေ့ရှိမှုနှုန်းအနေဖြင့် (၈) ရာခိုင်နှုန်းခန့်သာ တွေ့ရှိနေရခြင်း ဖြစ်၍ ရောဂါကူးစက်ဖြစ်ပွားမှုများ သိသာစွာကျဆင်းလာလျက်ရှိသည်ကို မြင်တွေ့နိုင်ပါသည်။ ထိုသို့ကျဆင်းလာရခြင်းမှာ မိဘပြည်သူတစ်ဦးချင်းအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး စည်းကမ်းများကိုလိုက်နာခြင်း၊ ရောဂါကာကွယ်ရေးနည်းလမ်းများကို ကျန်းမာရေးသတိရှိစွာဖြင့် လိုက်ပါဆောင်ရွက်ခြင်း၊ ဌာနဆိုင်ရာအသီးသီးမှ ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်ခြင်း၊ လူမှုရေးအသင်းအဖွဲ့အစည်းများမှ တက်ကြွစွာပံ့ပိုးပူးပေါင်း ဆောင်ရွက်ခြင်း စသည့် ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ပြည်တွင်းစည်းလုံးညီညွတ်မှုအင်အားများ ကောင်းမွန်မှုကြောင့်ဖြစ်ပါသည်။ ရောဂါဖြစ်ပွားမှုများ ဆက်လက်ကျဆင်း၍ ပညာရေး၊

စီးပွားရေး၊ လူမှုရေးလုပ်ငန်းများ ယခုထက်ပိုမို ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် မိဘပြည်သူများ အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းနှင့် ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများတွင် ဆက်လက်၍ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

- COVID-19 ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။